
ကရင်နီပြည် အတိုင်ပင်ခံကောင်စီ
Karenni State Consultative Council (KSCC)

# ကရင်နီပြည်အတိုင်ပင်ခံကောင်စီ ဖွဲ့စည်းခြင်း (၃) နှစ်ပြည့် ပြည်သူလူထုထံသို့ တင်ပြသော အစီရင်ခံစာ

## နိဒါန်း

ကရင်နီပြည်အတိုင်ပင်ခံကောင်စီအား ၂၀၂၁ ခုနှစ်၊ ဧပြီလ (၉) ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ ဤအစီရင်ခံစာသည် ကရင်နီပြည်အတိုင်ပင်ခံကောင်စီ ဖွဲ့စည်းခြင်း (၃) နှစ်ပြည့် လူထုအားတင်ပြသည့် အစီရင်ခံစာ ဖြစ်ပါသည်။

## ၁။ ကရင်နီပြည်အတိုင်ပင်ခံကောင်စီ ဖွဲ့စည်းခြင်း




*ပုံ ၁ - ကရင်နီပြည်အတိုင်ပင်ခံကောင်စီ ဖွဲ့စည်းပုံ*

## ၁.၁။ ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ (၃) နှစ်အတွင်း လှုပ်ရှားဆောင်ရွက်မှုများ

၂၀၂၁ ခုနှစ် ဧပြီလ (၉) ရက်နေ့တွင် ကရင်နီပြည်အတိုင်ပင်ခံကောင်စီအားစတင်စုဖွဲ့ခဲ့ပြီးနောက် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ (၁၇) ရက်နေ့မှ (၂၀) ရက်နေ့တွင် ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ ပထမအကြိမ် ညီလာခံအား ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ ညီလာခံတွင် ကြားကာလအစီအမံအားအတည်ပြုခြင်းနှင့်အတူ သက်ဆိုင်ရာကော်မတီအသီးသီးမှ လုပ်ငန်းအစီရင်ခံစာများအား တင်သွင်းအတည်ပြုခြင်းနှင့် ရှေ့လုပ်ငန်းစဥ်များအား ဆွေးနွေးကာ ကရင်နီပြည်အတိုင်ပင်ခံကောင်စီအား ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ အတိုင်ပင်ခံကောင်စီသည် ၂၀၂၂ ခုနှစ် ဇန်နဝါရီလ (၁၈) ရက်နေ့တွင် အတည်ပြုပြဌာန်းခဲ့သော ကြားကာလအစီအမံ၊ အခန်း (၂) တွင်ပြဌာန်းထားသော နိုင်ငံရေးလမ်းပြမြေပုံနှင့်အညီ လုပ်ငန်းစဥ် (၉) ရပ်ကို အကောင်အထည်ဖောင်ဆောင်လျက်ရှိရာ (၃) နှစ်တာကာလအတွင်း အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေးဆိုင်ရာမဏ္ဍိုင်များ စနစ်တကျပေါ်ပေါက်လာစေရန်အတွက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပါသည်။ အတိုင်ပင်ခံကောင်စီ၏ အဓိကလုပ်ငန်းစဥ်များဖြစ်သော နိုင်ငံရေးအင်အားစုများနှင့် ပူးပေါင်းပြီး လူထုနှင့်တွေ့ဆုံခြင်း၊ မူဝါဒများချမှတ်ခြင်း၊ ပေါ်ပေါက်လာသော နိုင်ငံရေးမဏ္ဍိုင်များကို မူဝါဒနှင့်အညီ လမ်းညွှန်မှုများပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ အတိုင်ပင်ခံကောင်စီ၏ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် လိုအပ်သည့် နည်းပညာအထောက်အကူအဖွဲ့၊ လုပ်ငန်းအဖွဲ့များကိုဖွဲ့စည်းခဲ့သည်။ အတိုင်ပင်ခံကောင်စီသည် ပြည်နယ်၏ နိုင်ငံရေးဦးဆောင်ရာတွင် အားလုံးပါဝင်မှုနှင့် စုပေါင်းခေါင်းဆောင်မှုကို အလေးထားဖော်ဆောင်နိုင်ရန်နှင့် ပြည်နယ်လုံးဆိုင်ရာ မူဝါဒများအား အတည်ပြု၍ ထိန်းကျောင်းလမ်းညွှန်နိုင်ရန် ရည်ရွယ်ချက်ဖြင့် မူဝါဒမူကြမ်းရေးဆွဲရေးကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ နှင့် နိုင်ငံရေးဆွေးနွေးညှိနှိုင်းမှုဆိုင်ရာ ကော်မတီများကို ဖွဲ့စည်းပြီး ကော်မတီအသီးသီး၏ လုပ်ထုံးလုပ်နည်းနှင့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ရေးဆွဲပြဌာန်း၍ ကော်မတီ၏လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီတွင် ပြည်နယ်၏ ဖယ်ဒရယ်ယူနစ်အဖြစ် ကိုယ်စားပြု ပါဝင်လျက်ရှိပြီး နိုင်ငံရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၊ ပညာရေး ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၊ မဟာဗျူဟာဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၊ CDM ထောက်ပံ့ရေး ပေါင်းစပ်ညှိနှိုင်းရေးကော်မတီများတွင်လည်း ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။ ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၊ ကြားကာလလွှတ်တော်၊ ကြားကာလတရားစီရင်ရေး မဏ္ဍိုင်များနှင့် အမျိုးသားညီညွတ်ရေးအစိုးရတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကရင်နီပြည်မှ ဒု-ဝန်ကြီးများနှင့် ပေါင်းစပ်ညှိနှိုင်းရေး အစည်းအဝေးများလည်း ပုံမှန်ပြုလုပ်လျက်ရှိသည်။ ထို့ပြင် ကရင်နီပြည်၏ ကြားကာလအစီအမံအား ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းစဥ်များကိုလည်း ပြုလုပ်လျက်ရှိပါသည်။





*ပုံ ၂- ကရင်နီပြည်အတိုင်ပင်ခံကောင်စီ လှုပ်ရှားမှုဓါတ်ပုံများ*

### ၁.၂။ ရှေ့လုပ်ငန်းစဉ်များ

ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ချမှတ်ထားသော မဟာဗျူဟာနှင့်အညီ မူဝါဒရေးရာလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန်နှင့် စုပေါင်းခေါင်းဆောင်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်အတွင်းရှိ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ၊ မဟာမိတ်အဖွဲ့အစည်းများအပြင် ပြည်နယ်ပြင်ပရှိ ဖက်ဒရယ်ယူနစ်များနှင့် လူမျိုးစုကိုယ်စားပြု ကောင်စီများနှင့် တွေ့ဆုံဆွေးနွေးကာ ညီညွတ်ရေးနှင့် ပူပေါင်းဆောင်ရွက်ရေးလုပ်ငန်းများအား ပုံမှန်ချိတ်ဆက်မှု ပြုလုပ်ခြင်းတို့အပြင် ရုံးလည်ပတ်ရေးလုပ်ငန်းများ၊ သတင်းနှင့်ပြန်ကြားရေးစင်တာ ဖွင့်လှစ်ခြင်း စသည့်လုပ်ငန်းများကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။







*ပုံ ၃- ကရင်နီပြည်အတိုင်ပင်ခံကောင်စီ လှုပ်ရှားမှုဓါတ်ပုံများ*

## ၂။ ကရင်နီပြည် အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးကော်မတီ ဖွဲ့စည်းခြင်း

### ၂.၁။ ကရင်နီပြည် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်း ရေးဆွဲရေးကော်မတီ၏ လှုပ်ရှားမှုများ

ကရင်နီပြည်အတိုင်ပင်ခံကောင်စီသည် ကြားကာလ/တော်လှန်ရေးကာလတွင် နိုင်ငံရေးဦးဆောင်မှုနှင့် မူဝါဒလမ်းညွှန်မှုများ ဆောင်ရွက်ရမည့်အပြင် အသွင်ကူးပြောင်းရေးကာလအစီအမံ နှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲပြင်ဆင်ပေးရမည့် တာဝန်ရှိပါသည်။ ထို့ကြောင့် အတိုင်ပင်ခံကောင်စီမှ အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရန်အတည်ပြုပြီး ကရင်နီပြည် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မတီအား ၂၀၂၃ ခုနှစ် အောက်တိုဘာလ (၂၄) ရက်နေ့တွင် ကော်မတီဝင် (၁၅) ဦးဖြင့် ဖွဲ့စည်းခဲ့သည်။

### ၂.၂။ ရှေ့လုပ်ငန်းစဉ်များ

အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မတီမှ အသွင်းကူးပြောင်းရေး ဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆက်စပ်၍ တတ်သိပညာရှင်များနှင့် လေ့လာသင်ယူမှုများ ပြုလုပ်ကာ ကရင်နီပြည် အသွင်ကူးပြောင်းရေးကာလအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။

# ၃။ ကရင်နီပြည် ကြားကာလလွှတ်တော် ဖွဲ့စည်းခြင်း

## ၃.၁။ ကရင်နီပြည် ကြားကာလလွှတ်တော်၏ လှုပ်ရှားဆောင်ရွက်မှုများ

ကရင်နီပြည် ကြားကာလလွှတ်တော်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ကရင်နီပြည်နယ် ဒီမိုကရက်တစ်ပါတီနှင့် ကယန်းအမျိုးသားပါတီတို့မှ ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ကရင်နီပြည် ကြားကာလလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၊ နိုင်ငံတကာနှင့် မဟာမိတ်ဆက်သွယ်ဆက်ဆံရေးကော်မတီ၊ ဥပဒေကြမ်း ရေးဆွဲရေးနှင့်စိစစ်ရေးကော်မတီ၊ ပြည်သူ့ဘဏ္ဍာငွေ စောင့်ကြည့်စစ်ဆေးရေးကော်မတီ နှင့် ပြည်သူ့ရေးရာကော်မတီ စသည့် ကော်မတီ (၅) ခုကို ဖွဲ့စည်းခဲ့သည်။ ကရင်နီပြည် ကြားကာလလွှတ်တော်ရုံးကို စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဌာန၊ ရေးရာကော်မတီများဌာန၊ အစည်းအဝေး၊ ပြန်ကြားရေးနှင့် နည်းပညာဌာန နှင့် ဥပဒေရေးရာနှင့် သုတေသနဌာန စသည့် ဌာန(၄)ခုဖြင့် ဖွဲ့စည်းခဲ့ ပါသည်။ ကရင်နီပြည် ကြားကာလလွှတ်တော်လုပ်ငန်းများ ပိုမိုအားကောင်းလာစေရန် ရည်ရွယ်၍ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နည်းပညာအထောက်အကူပြု အဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများ ပါဝင်သည့် အပတ်စဉ် ပုံမှန်အစည်းအဝေးကို ဗုဒ္ဓဟူးနေ့တိုင်း ကျင်းပပြုလုပ်လျက်ရှိပါသည်။ ကရင်နီပြည်အတွက် အရေးတကြီး လိုအပ်လျက်ရှိသည့် ကရင်နီပြည် ရဲဌာနဥပဒေနှင့် ကရင်နီပြည် ကြားကာလတရားစီရင်ရေးဥပဒေအား အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ (IEC) ၏ ၂၀၂၄ ခုနှစ်၊ ရသုံးခန့်မှန်းခြေ ငွေစာရင်းလျာထားချက်နှင့် ကရင်နီပြည် တရားရုံးချုပ်၏ ပြည်နယ် တရားသူကြီး (၃) ဦး တို့ကို ခန့်အပ်ရေးအား အတည်ပြုနိုင်ခဲ့ပါသည်။ ကရင်နီပြည်အတိုင်ပင်ခံကောင်စီမှ ကောင်စီဝင်များနှင့်ပူးပေါင်းကာ ဖယ်ခုံမြို့နယ် အရှေ့ဘက်ကမ်းရှိ ကျေးရွာပေါင်း (၂၅) ရွာ၏ တာဝန်ခံ (၅၁) ဦး တို့နှင့် တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်နိုင်ခဲ့ပါသည်။



*ပုံ ၄ - ကရင်နီပြည် ကြားကာလလွှတ်တော်၏ အစည်းအဝေး*

## ၃.၂။ ရှေ့လုပ်ငန်းစဉ်များ

ကရင်နီပြည် ကြားကာလ လွှတ်တော်ဆိုင်ရာဥပဒေ၊ အခွန်ဥပဒေ(မူကြမ်း)၊ ဝန်ထမ်းဥပဒေ(မူကြမ်း)များ ရေးဆွဲပြဋ္ဌာန်းရန်၊ ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီမှ တင်သွင်းလာသည့် ဥပဒေ(မူကြမ်း)များကို စိစစ်အတည်ပြု ပြဋ္ဌာန်းရန်၊ လွှတ်တော်ကိုယ်စားလှယ်များမှ ပြည်တွင်းရှိ ပြည်သူလူထုများနှင့် ထိတွေ့ဆက်ဆံမှုများ ဆောင်ရွက်ရန်နှင့် ပြည်သူလူထုများနှင့် ထိတွေ့ဆက်ဆံရာတွင် လိုအပ်မည့်လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် စသည့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ထားသည်။




*ပုံ - ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီဝင်များ*

# ၄။ ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီဖွဲ့စည်းခြင်း

## ၄.၁။ ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ လှုပ်ရှားဆောင်ရွက်မှုများ

ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီကို ကရင်နီပြည် ကြားကာလအစီအမံ၏ ပြဋ္ဌာန်းချက်နှင့်အညီ ၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့တွင် ကောင်စီအဖွဲ့ဝင် (၆) ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ အုပ်ချုပ်ရေးကောင်စီရုံးလည်ပတ်နိုင်ရန်အတွက် အထွေထွေညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ရုံးဝန်ထမ်းများကို ခန့်အပ်ထားပါသည်။ အမျိုးသားစည်းလုံးညီညွတ်ရေး မဟာဗျူဟာ၊ ပြည်သူပါဝင်သည့် အုပ်ချုပ်ရေးစနစ်ကို တည်ဆောက်ခြင်း မဟာဗျူဟာ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မဟာဗျူဟာ၊ ပညာရေးဆိုင်ရာ မဟာဗျူဟာ၊ ကျန်းမာရေးဆိုင်ရာ မဟာဗျူဟာ၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ မဟာဗျူဟာ နှင့် ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ ပုံရိပ်နှင့် သြဇာသက်ရောက်မှုကို တည်ဆောက်ခြင်း မဟာဗျူဟာ စသည့် မဟာဗျူဟာ (၇) ရပ် တို့ကို ရေးဆွဲပြီးဖြစ်သည်။ ထို့ပြင် ဌာနဖွဲ့စည်းရေးလုပ်ငန်းများအဖြစ် ပြည်ထဲရေးဌာန၊ ပညာရေးဌာန၊ ကျန်းမာရေးဌာန၊ လူသားခြင်းစာနာထောက်ထားရေးနှင့် ပြန်လည်ထူထောင်ရေးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဌာန၊ အမျိုးသမီးနှင့် ကလေးသူငယ်ရေးရာဌာန၊ ကုန်သွယ်ရေး၊ရင်းနှီးမြှပ်နှံမှုနှင့် ပို့ဆောင်ဆက်သွယ်ရေးဌာ နှင့် တရားရေးဌာန ဟူ၍ ဌာန (၈) ခုကို စုဖွဲ့ခဲ့သည်။ ကက်ဘိနက်အစည်းအဝေးနှင့် ဌာနပေါင်းစုံညီအစည်းအဝေးများ၊ ဌာနဆိုင်ရာများ၏ လုပ်ငန်းလမ်းညွှန်ရေးဆွဲသည့် သီးသန့်အစည်းအဝေးနှင့် ဌာနတွင်းအစည်းအဝေးများလည်းကျင်းပခဲ့ပါသည်။ နည်းဥပဒေများ၊ လုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာမူဝါဒများနှင့် လုပ်ငန်းလမ်းညွှန်များရေးဆွဲပြီး ကရင်နီပြည်အတိုင်ပင်ခံကောင်စီသို့ တင်သွင်းနိုင်ခဲ့ပါသည်။ ရုံးဖွင့်လှစ်ခြင်၊ မဟာမိတ်ချိတ်ဆက်ဆောင်ရွက်ခြင်း နှင့် အလှူရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်မှု လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။








*ပုံ ၅ - ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ လှုပ်ရှားမှုဓါတ်ပုံများ*

## ၄.၂။ ရှေ့လုပ်ငန်းစဉ်များ

ကြားကာလအုပ်ချုပ်ရေးကောင်စီအနေဖြင့် အုပ်ချုပ်ရေးကဏ္ဍတွင် လိုအပ်နေသေးသည့် ဌာနများအား ဆက်လက်ဖွဲ့စည်းရန်၊ ဌာနတိုင်း၏ လုပ်ထုံးလုပ်နည်းများ၊ လူ့စွမ်းအားအရင်းအမြစ်ပေါ်လစီများ၊ အုပ်ချုပ်ရေးကဏ္ဍတစ်စုံလုံး အားကောင်းစွာလည်ပတ်နိုင်ရေးအတွက် လိုအပ်သည့် စွမ်းရည်မြှင့်တင်ခြင်းများ လုပ်ဆောင်ရန်၊ ပြည်နယ်ရှိ လူထုများ၏ ဘေးကင်းလုံခြုံရေး၊ စားဝတ်နေရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ဘဏ်လုပ်ငန်းစနစ်တကျရှိစေရေးနှင့် လူထု၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်၊ မြန်မာနိုင်ငံအတွင်းရှိ မဟာမိတ်များနှင့် ဆက်သွယ်ဆက်ဆံရေး၊ နိုင်ငံတကာရောက် ကရင်နီပြည်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ရေး၊ နိုင်ငံတကာလူထုများ၊ အဖွဲ့အစည်းများ၊ အလှူရှင်များနှင့် ဆက်သွယ်ဆက်ဆံရေး ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

# ၅။ ကရင်နီပြည် ကြားကာလတရားစီရင်ရေး ဖွဲ့စည်းခြင်း

## ၅.၁။ ကရင်နီပြည် ကြားကာလတရားစီရင်ရေး၏ လုပ်ရှားဆောင်ရွက်မှုများ

ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ (KSCC) တရားမျှတမှု ဖော်ဆောင်ရေးကောင်မတီ၏ လမ်းညွှန်မှုဖြင့် ကရင်နီပြည်နယ် ရွေ့ပြေးတရားရုံးများကို ၂၀၂၁ ခုနှစ်၊ ဇွန်လတွင် စတင်ဖွဲ့စည်းခဲ့သည်။ ရွေ့ပြေးတရားရုံးအဖြစ် ပြစ်မှုဆိုင်ရာ အထူးတရားရုံး ကို Law Home ၏ နည်းပညာနှင့် ငွေကြေးပံ့ပိုးကူညီမှုများဖြင့် စတင် လည်ပတ်ခဲ့ပါသည်။ နောက်ပိုင်းတွင် မြို့နယ်တရားရုံး အမှတ် (၁) နှင့် အမှတ် (၂) တို့ကိုလည်း ထပ်မံတိုးချဲ့ဖွဲ့လှစ်နိုင်ခဲ့သည်။ ဆက်လက်၍ KSCC မှ ထုတ်ပြန်ကြေညာသော ကရင်နီပြည်နယ် ကြားကာလအစီအမံအရ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ (၂၄) ရက်နေ့တွင် ပြည်နယ်တရားရုံးအား ဖွဲ့စည်းခဲ့ပြီး ပြည်နယ်တရားသူကြီး (၂) ဦးကို ကနဦး ခန့်အပ်တာဝန်ပေးအပ်ခဲ့သည်။ KSCC ၏ လမ်းညွှန်မှုဖြင့် ကရင်နီပြည်နယ် ကြားကာလ လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းထားသော ကရင်နီပြည်နယ် ကြားကာလ တရားစီရင်ရေး ဥပဒေကို တရားစီရင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ကြားကာလ တရားစီရင်ရေး ဥပဒေအရ ပြစ်မှုဆိုင်ရာ အထူးတရားရုံးအား ခရိုင်တရားရုံးသို့ ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ၂၀၂၄ ခုနှစ်၊ မတ်လ (၁၂) ရက်နေ့တွင် ပြည်နယ်တရားသူကြီး တစ်ဦးကို ထပ်မံခန့်အပ်တာဝန်ပေးအပ်ခဲ့သည်။

လက်ရှိတရားရုံး (၅) ရုံးဖြစ်သော ပြည်နယ်တရားရုံးချုပ်၊ ခရိုင်တရားရုံး၊ မြို့နယ် အမှတ် (၁) တရားရုံး နှင့် မြို့နယ် အမှတ် (၂) တရားရုံးတို့ဖြင့် လူထုသို့ တရားမျှတမှု ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုတရားရုံး (၅) တွင် တရားသူကြီး (၉) ဦးတို့အား ခန့်အပ်တာဝန်ပေးအပ်နိုင်လျက်ရှိပြီး လိုအပ်သော ဝန်ထမ်းအင်အားများကိုလည်း ခန့်အပ်လျက်ရှိသည်။ ဖွင့်လှစ်ထားသော တရားရုံးများကို လူထုထံသို့ တရားမျှတမှုဆိုင်ရာ ဝန်ဆောင်မှုများရရှိနိုင်ရေးအတွက် အသိပေးမိတ်ဆက်မှုများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

၂၀၂၃ ခုနှစ် ဇွန်လမှ စတင်ပြီး ၂၀၂၄ ခုနှစ် မတ်လအထိ ဖွင့်လှစ်ထားသော ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးများအသီးသီးသို့ အမှုပေါင်း (၉၃) မှုကို စီစစ်လက်ခံရရှိထားလျက်ရှိပြီး လက်ရှိ၌ အမှုပေါင်း (၇၉) မှုမှာ စီရင်ဆုံးဖြတ်ပြီးလျက်ရှိပြီး (၁၄) မှုမှာ စစ်ဆေးလျက်ရှိပါသည်။ စီစစ်လက်ခံရရှိထားသော အဓိကအမှုအမျိုးအစားများမှာ လူသတ်မှု၊ မူးယစ်ဆေးဝါးမှု၊ အကြမ်းဖက်တိုက်ဖျက်ရေး၊ မုဒိမ်းမှု၊ မတရားအသင်း ဆက်သွယ်မှု၊ ဝရမ်းပြေးမှု၊ လိမ်လည်မှု၊ အများအကျိုးပျက်စီးစေမှု တို့ဖြစ်ပြီး အကြမ်းဖက် တိုက်ဖျက်ရေးအမှုမှာ တိုင်ကြားလက်ခံရရှိထားမှုတွင် ထိပ်ဆုံးတွင် ရပ်တည်လျက်ရှိသည်။

## ၅.၂။ ရှေ့လုပ်ငန်းစဉ်များ

တရားရုံးများ တိုးချဲ့ဖွင့်လှစ်ရန် စီမံဆောင်ရွက်လျက်ရှိပြီး လိုအပ်သော တရားသူကြီးများနှင့် ဝန်ထမ်းများကိုလည်း တိုးချဲ့ခန့်အပ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ တာဝန်ပေးခန့်အပ်ထားသော တရားသူကြီးများနှင့် ဝန်ထမ်းများ စွမ်းရည်မြှင့်တင်ရေးအတွက် လိုအပ်သော စွမ်းရည်မြှင်တင်မှုများကိုလည်း ဆောင်ရွက်ရန် လျာထားလျက်ရှိသည်။ ထို့အပြင် ဖွင့်လှစ်ထားသော တရားရုံးများကိုလည်း လူထုထံသို့ အသိပေးမိတ်ဆက်မှုများကို ဆက်လျက်ဆောင်ရွက်ရန်လည်း စီမံထားလျက်ရှိသည်။

ကရင်နီပြည် အတိုင်ပင်ခံကောင်စီ

Karenni State Consultative Council (KSCC)

# နိဂုံး

ကရင်နီပြည်အတိုင်ပင်ခံကောင်စီ စတင်ဖွဲ့စည်းခဲ့ချိန်မှ (၃) နှစ်တာ ကာလအတွင်း အထက်ဖော်ပြပါ လုပ်ငန်းစဉ်များကို ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ အတိုင်ပင်ခံကောင်စီအနေဖြင့် ဆက်လက်၍ ကြားကာလ ပြည်နယ် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင် (၃) ရပ်တို့နှင့်အတူ အသွင်ကူးပြောင်းရေးကာလနှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကာလအတွက် လုပ်ငန်းစဉ်များအား မူဝါဒအရ ထိန်းကျောင်းခြင်းနှင့် လမ်းညွှန်မှုများပေးခြင်းများ ဆောင်ရွက်သွားကာ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ၊ ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရတို့နှင့်လည်း ဆက်လက် ချိတ်ဆက်၍ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ကရင်နီပြည် အတိုင်ပင်ခံကောင်စီ

Karenni State Consultative Council (KSCC)

၂၀၂၄ ခုနှစ်၊ ဧပြီလ (၉) ရက်နေ့တွင် ထုတ်ပြန်သည်။